# ပထမအကြိမ်ပြည်သူ့လွှတ်တော်

## စတုတ္ထပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ အစီအစဉ်

## ( ၃-၉-၂၀၁၂ ) [ တနင်္လာနေ့ ]

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်နီနိုင်၊ လောက်ကိုင် မဲဆန္ဒနယ်၏ **အမျိုးသားမှတ်ပုံတင်ရေး နှင့် မွေး/တိုး အိမ်ထောင်စုစာရင်းကိစ္စများအတွက် ကောက်ခံ နေသော လက်ရှိနှုန်းထားများကို ပြင်ဆင်သတ်မှတ်သင့်ကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ် (ကိုယ်စား) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ မြန်မာနိုင်ငံရှိ မြို့တော်များနှင့်မြို့ကြီးများတွင် ယာဉ်တိုက်မှု၊ ဒဏ်ရာရမှု၊ သေဆုံးမှုများ များပြား လာသည်ကို ကာကွယ်သောအားဖြင့် မည်သို့အစီအမံများ ဆောင်ရွက်ထားရှိခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျောင်း များ အဆင့်တိုးမြှင့် ပေးရန်နှင့် အဆောက်အဦ ရန်ပုံငွေတောင်းခံမှုကို ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ နှင့် စပ်လျဉ်း သည့်မေးခွန်း။

(ဃ) ဦးကျော်ဝင်း၊ ကန်ကြီးထောင့် မဲဆန္ဒနယ်၏ တက္ကသိုလ် ကောလိပ် များတွင် ဆေးရုံဆေးခန်း ထားရှိရေး၊ ဆရာဝန်ဆရာမများ ထားရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"မြေသိမ်း (သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၇။ ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်က "တိုင်းနှင့် ပြည်နယ် အသီးသီးတွင် စားကျက်မြေများကို ဌာနဆိုင်ရာ အမည်ဖောက်၍ လည်းကောင်း၊ ကုမ္ပဏီအမည်ဖောက်၍ လည်းကောင်း ခွဲဝေချထားပြီး တောင်သူလယ်သမားများကို ထိုမြေများ၌ စိုက်ပျိုးစေပြီး ဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ သီးစားခရယူနေခြင်းများ ရှိနေပါသဖြင့် လယ်ယာမြေကို အမှန်တကယ် လုပ်ကိုင်နေသူများ လယ်သမားများကိုသာ ဦးပိုင်အမည်ပေါက် သတ်မှတ်၍ လုပ်ကိုင်ခွင့် ချထားပေးသင့်ကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ဦးသန်းနွယ်၊ ဘုတလင် မဲဆန္ဒနယ်၏ "သဘာဝဝန်းကျင်တည်ငြိမ်မှု၊ ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရေးနှင့် အမြဲတမ်း သစ်တောမြေများမှ သစ်နှင့်သစ်တောထွက် ပစ္စည်းများ ရေရှည်ထာဝစဉ်ညီအသုံးပြုနိုင်ရေး အတွက် နိုင်ငံတော်ရှိ အရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ် တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်သင့်ကြောင်း " အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း-

(က) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်။

(ခ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်။

(ဂ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်။

(ဃ) ဦးသောင်း၊ မော်လိုက် မဲဆန္ဒနယ်။

(င) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်။

(စ) ဒေါ်မြင့်မြင့်စန်း၊ ဝါးခယ်မ မဲဆန္ဒနယ်။

(ဆ) ဦးအုန်းကြိုင်၊ မဟာအောင်မြေ မဲဆန္ဒနယ်။

(ဇ) ဦးအေးမောင်၊ ဘောလခဲ မဲဆန္ဒနယ်။

(ဈ) ဦးထွန်းအောင်ခိုင်၊ ပေါက်တော မဲဆန္ဒနယ်။

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၃၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၃၉ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။